# ရေခဲတောင်တွေလို မလှုပခဲ့တဲ့ တောင်တက် သမားတစ်ဦးရဲ့ ကံကြမ္မာ ဇာတ်ညွှန်း



ဘဝမှာ လူတိုင်းဟာ မိမိဝါသနာကို အ ကောင်အထည်ဖော်နိုင်ဖို့ လွန်စွာမှ ခဲယဉ်းလှပါတယ်။ ဝါသနာနဲ့ဘဝဟာလည်း တစ်ထပ်တည်းတော့ မကျနိုင်ဘူး မဟုတ်လား။ ဒါပေမဲ့ ဝါသနာကို လက်တွေ့ကျကျ အကောင်အထည်ဖော်နေတဲ့ မစိမ့်ထက်မှာတော့ အခြားလူများအတွက် အားကျဖွယ်ရာပင်။ သူမသည် တောင်တက်စက်ဘီးစီး Outdoor Adventure Athlete မျိုးဆက်သစ် အားကစား မယ် တစ်ဦးဖြစ်သည်။ သူမဝါသနာပါလှသည့် တောင်တက်ခြင်းကို ဆောင်ရွက် နေသူလည်း ဖြစ်သည်။ မစိမ့်ထက်သည် လွန်ခဲ့သည့်နှစ်နှစ်ခန့်မှစတင်ကာ တောင်တက်ခြင်းကို စတင် ပြုလုပ်ခဲ့ပြီး တောင်တက်ခြင်းအမှတ်တရများစွာ ကို

သယ်ပိုးထားသူလည်းဖြစ်သည်။ တောင်တက်ခြင်းသည်ပင် သူမဘဝ၏ အစိတ်အပိုင်းတစ်ခု ....။

တောင်တက်ခြင်း၏ အခက်အခဲများ၊ နာကျင်မှုများ၊ စိတ်လှုပ်ရှားဖွယ်ရာများ၊ ပျော်ရွှင်မှုများကို သဘောကျနှစ်ကြိုက်သူလည်း ဖြစ်၏။ ဧပြီလမတိုင်မီကာလ၌ပင် ရေခဲတောင် ဖြစ်သည့် ဖန်ဂရန်ရာဇီတောင်သို့ The Summiter အဖွဲ့ဝင်များနှင့် တက်ရောက်ရမှာကို သူမရင်ခုန်နေခဲ့မိမှာတော့ ကေန်မလွဲ။ သူမရင်ခုန်သည့်အတိုင်း ဧပြီလ ၆ ရက်တွင် သူမအပါအဝင် အဖွဲ့ဝင် ၂၁ ဦးနှင့်အတူ ပူတာအိုမှ စတင်ထွက်ခွာခဲ့ကြသည်။ ခရီးတစ်ခုစတင်ပြီဆိုသည်နှင့် ခရီးသွားသူများ၏ စိတ်အတွင်း၌ လှုပ်ရှားမှုများစွာနှင့် ပြည့်နှက်နေမည်ပင်။ မည်ကဲ့သို့သောအခက် အခဲများ ကြုံတွေ့ရမည်နည်း၊ မည်ကဲ့သို့သော ကြိုးစားမှုများ ပြုလုပ်ရမည်နည်း၊ မည်ကဲ့သို့ သောအတွေ့အကြုံအသစ်များ ကြုံတွေ့ရမည်နည်းဆိုသောမေးခွန်းများနှင့် ပြည့်နှက်နေတတ်သောကြောင့်ဖြစ်သည်။

တောင်တက်ခရီးစဉ်တို့၏ ထုံးစံအတိုင်း အချို့နေရာများတွင် အခက်အခဲပေါင်းများစွာ၊ အချို့နေရာများတွင် ပျော်ရွှင်မှုအတိ ပြည့်နှက်နေ ပေမည်။ ရေခဲတောင်ဖြစ်သည့်အတွက် မျက်စိတစ်ဆုံး ရေခဲများ၊ နှင်းဖြူဖြူ ဖွေးဖွေးလေးများနှင့် အေးစိမ့်လှသောရာသီဥတုတို့မှာ ရင်ကို လှုပ်ရှားဖွယ်ရာပင်။ မစိမ့်ထက်အပါအဝင် အဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားကာ ဖန်ဂရန်ရာဇီတောင်ထိပ်သို့ တက် ရောက်ခဲ့ပြီး ဧပြီ ၁၂ ရက်တွင် တောင်တက်သမားများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် တောင်ထိပ်သို့ ဆိုက်ရောက်ခဲ့ကြလေသည်။



Brunel University London

တောင်ထိပ်သို့ ရောက်ရှိပြီးနောက်ပိုင်း မစိမ့်ထက်သည် တောင်ထိပ်သို့ ရောက်ရှိသည့် အောင်မြင်မှုများနှင့်အတူ ပျော်ရွှင်စွာ အောင်ပွဲခံခဲ့ပေသည်။ အတိုင်းအဆမဲ့ပျော်ရွှင်မှုများနဲ့အတူ အမိမြေအတွက် နိုင်ငံတော်အလံ လွှင့်ထူရင်း နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုဟစ် ကြွေးခဲ့ကြသည်။ မစိမ့်ထက်မှာ The Summiter ဟု အမည်ပေးထားသည့် လူငယ်တောင်တက်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံတွင် ထင်ပေါ်ကျော် ကြားသည့် ရေခဲတောင်များအတွင်းမှ တစ်ခု ဖြစ်သည့် ဖန်ဂရန်ရာဇီတောင်ထိပ်မှာ မြန်မာနိုင်ငံအလံကို ဂုဏ်ယူစွာ စိုက်ထူနိုင်ခဲ့သည်။ သို့သော် ....။

ထိုသို့သော်နှင့် နောက်ပိုင်းအဖြစ်အပျက် တို့ကြားတွင် ကံကြမ္မာကန့်လန့်ကာက ခြားနားထားခဲ့သည်။ ဘဝ၏စာမျက်နှာ နောက်တစ်ရွက်တွင် ဘယ်လိုဇာတ်ညွှန်း ရေးသားသည်ဆိုသည်ကို မည်သူမှ ကြိုတင်ဖတ်ခွင့်မရပေ။ မစိမ့်ထက်အတွက် ရွေးချယ်ထားသော ကံ ကြမ္မာဇာတ်ညွှန်းက ....။

အောင်ပွဲခံပြီး တောင်တက်အဖွဲ့သည် တောင်ပေါ်မှ ပြန်အဆင်းတွင် မထင်မှတ်ထားသည့် ကြမ္မာဆိုးတစ်ခုကို ကြုံတွေ့ခဲ့ရသည်။ အဘယ်ကြောင့် ဆိုသော် အသက် ၂၈ နှစ်အရွယ်ရှိသည့် မစိမ့်ထက်မှာ သူမ ခြေထောက် ထောက်လိုက်သည့်နေရာ ရေခဲပြင် အနေအထားကြောင့် ခြေချော်ကာ ချောက်ကမ်းပါးထဲ ရုတ်တရက် ကျသွားသောကြောင့်ပင်။

သူမ၏ လိမ္မော်ရောင်အင်္ကျီနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့ကို ကမ်းပါး စွန်း၌ တွေ့မြင် နေရသော်လည်း တောင်တက်အဖွဲ့တွင်ပါသွားသည့် ကိရိယာ

တန်ဆာပလာများမှာ ပေ ၄၀၀၀ ခန့်ရှိသည့် ချောက်နက်အတွင်းဆင်းရန် မပြည့်စုံ။ မစိမ့်ထက်၏အမည်ကို ဟစ် အော်ခေါ်သော်လည်း ပြန်လည် တုံ့ပြန် သံကိုမူ တစိုးတစ်စမျှ မကြားရပေ။ သို့ဖြင့် ချောက်အတွင်းဆင်းကာ အလောင်း ယူလာရန် လက် လျှော့ခဲ့ရကြောင်း အဖွဲ့ထံမှသိရသည်။ "ကျွန်တော်တို့က ဘာမှ သက်သေတိတိ ကျကျမရဘူး။ ဘာမှလဲမမြင်ရဘူး။ သူတို့ပြတဲ့ ပုံတွေကို လုံး၀ လက်မခံနိုင်ဘူး"ဟု မစိမ့်ထက်၏မောင်ဖြစ်သူ ကိုဘုန်းတိုးကျော်က ဆိုထား သည်။ မိသားစုဝင်များအနေဖြင့် ဧပြီ ၁၅ ရက် မှသာလျှင် သိရှိရပြီး ဖြစ်စဉ် ဖြစ်ပွားပြီးချိန်နှင့် သိရှိချိန်မှာအချိန်များစွာ ကြာမြင့်ခဲ့ပေသည်။

မစိမ့်ထက် သေဆုံးခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ တောင်တက် အဖွဲ့ ခေါင်းဆောင်နှင့် အဖွဲ့သားများသည် ဧပြီ ၂၁ ရက်တွင် မိသားစု ဝင်မျာ းထံသို့ သွားရောက်ရှင်းပြခြင်းတို့ကိုပြုလုပ်ခဲ့ကြပြီး အလောင်းရရှိရန် ကြိုးစားခဲ့ကြ သော်လည်း မရခဲ့ဘဲ ဧပြီ ၁၅ ရက်တွင် ပူတာအို ရဲစခန်းသို့ အကြောင်းကြား မှုပြုလုပ်ကြောင်း သိရသည်။ "သူတို့ပြောတဲ့အပေါ်မှာ ပြန်ပြီးတော့ သုံးသပ်ကြည့် ရမှာ။ အတွေးအခေါ်နဲ့ ပြောတာနဲ့ ပညာရှင်ပြောတာ ကွာသေးတယ်။ ရက်ပိုင်း အတွင်း အဖွဲ့တွေစုပြီး ဒေသခံတွေရော ပြန် လည်ရှာဖွေတော့မယ်လို့ သိရပါ တယ်"ဟု မစိမ့်ထက်၏ ဖခင်ဖြစ်သူ ဦးမောင်မောင်လေးက ဆိုထားသည်။

လက်ရှိကာလတွင်လည်း မစိမ့်ထက်၏ သေဆုံးမှုနှင့်ပတ်သက်၍ လူမှု ကွန်ရက် စာမျက်နာများ၌ ဝေဖန်မှုများစွာ မြင့်တက်လျက် ရှိနေပြီး Justice for Saint Htet ဟူသည့်အမည်ဖြင့် ဖေ့စ်ဘွတ်စာမျက်နာတစ်ခု ပေါ်ထွက် လာကာ မစိမ့်ထက် ပြုတ်ကျသေဆုံးမှု နှင့်ပတ်သက်၍ ထောက်ပြရေးသားမှုများစွာ ပြုလုပ် လျက်ရှိသည်။

မစိမ့်ထက် သေဆုံးမှုအပေါ် တရားရေး အစီအစဉ်အရ အမှုဖွင့်ခြင်း/ မဖွင့်ခြင်း၊ တိကျသည့်သက်သေအထောက်အထား၊ ပြန်လည်ကယ်တင်ရေး (သို့မဟုတ်) ခန္ဓာကိုယ် ပြန်လည်သွားရောက်သယ်ဆောင်ရေး၊ သေဆုံး ခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ အခြားရေရာ သည့် မည်သည့်အထောက်အပံ့မျှ တင်ပြနိုင် ခြင်းမရှိကြောင်းကို အဆိုပါစာမျက်နှာမှ ထောက်ပြနေသည်။ သို့ဖြစ်ပါ၍ မစိမ့်ထက် သေဆုံးမှုနှင့်ပတ်သက်၍ တိကျသေချာသည့်အချက်အလက်များစွာကို သူမ၏ သူငယ်ချင်းများ၊ မိသားစုဝင်များအပါအဝင် အများပြည်သူက တောင်းဆို၊ လိုအပ်လျက်ရှိနေပေသည်။

ယခုဖြစ်ရပ်တွင် သူမ၏အသက်ကို ပေး ဆပ်လိုက်ရသော်လည်း သူမ ဝါသနာပါသော ခက်ခဲသည့်ရေခဲတောင်ကို အောင်မြင်စွာ တက် ရောက်နိုင်မှု အပေါ်တွင်တော့ မိသားစုဝင်များနှင့် သူမ၏သူငယ်ချင်းများမှာ သူမအတွက် ဂုဏ်ယူနေမှာ အမှန်ပင်ဖြစ်သည်။

Credit - အာကာထက် (Yangon Media Group)